dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"Will Social Media have impact on the Elections?"*

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ဆိုရှယ်မီဒီယာကို ရွေးကောက်ပွဲမှာ ဘယ်လိုသုံးမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၅ ရွေးကောက်ပွဲ ကျင်းပဖို့မှာ ရက်ပေါင်း ၇၀ ကျော်လောက်သာ လိုပါတော့သည်။ ကျင်းပရက်နီးလာသည့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားစရာများမှာလည်း ဒီရေတက်သကဲ့သို့ပင်ဖြစ်လာကြသည်ကိုတွေ့ရသည်။ ၂၀၁၅ နှင့် ၂၀၁၄ ရွေးကောက်ပွဲ မြင်သာသည့်ကွာခြားမှုမှာ လူမှုကွန်ယက်သုံးစွဲမှုနှင့် ယင်းကိုအသုံးချနိုင်မှုကလည်း အရေးပါမှုတစ်ခု ဖြစ်လာသည်။

လူဦးရေ ၅၂ သန်းကျော် ရှိနေသည့် မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူ ၁၈သန်းခန့်ရှိပြီး ၃ သန်းကျော်ခန့်က Facebook ကို  သုံးစွဲကြပြီး ဗိုက်ပါအသုံးပြုသူ ၅ သန်းကျော် ခန့်ရှိနေသည်ဟု သိရှိရသည်။ ခေတ်မီနည်းပညာအသုံးပြုရမှု နောက်တန်းရောက်နေခဲ့ရာမှ ယနေ့သုံးစွဲလာနိုင်ချိန်တွင် နိုင်ငံတကာ မှ မျက်စိကျလျက်ရှိပြီး ဈေးကွက်ကြီးတစ်ခုအဖြစ် အလားအလာကောင်းနေသည့် မြန်မာနိုင်ငံတွင် မိုလ်ဘိုင်းဖုန်းကို အစပြု၍  အသုံးပြုသူအများဆုံး ဆိုရှယ်မီဒီယာတစ်ခုဖြစ်လာသည့် Facebook လူမှုကွန်ရက်ပေါ်တွင် ရွေးကောက်ပွဲကျင်းပရန်နီးကပ်လာသည်နှင့်အမျှ ယင်းပတ်သက်သော သီးသန့်စာမျက်နှာများ တစ်နေ့တစ်ခြား ပေါ်ပေါက်လာလျက်ရှိနေပေသည်။

လက်ရှိတွင် ဆိုရှယ်မီဒီယာမှာ မသမာမှုများကို အဟန့်အတားတစ်ခု ဖြစ်စေနိုင်သကဲ့သို့တစ်ဖက်တွင်လည်း မသာမှုများဖန်တီးအသုံးချလို့ရသည်ဖြစ်ရာ အသုံးပြုသူများတွင်  သတင်းအမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းသူ နည်းပါးလျက်ရှိနေသေးသည့်အတွက် ကောင်းကျိုးနှင့် ဆိုးကျိုးဒွန်တွဲနေဦးမည်ဖြစ်သည်။၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ဆိုရှယ်မီဒီယာသည် ပါတီများ၊ ကိုယ်စားလှယ်များ၏ လက်ရုံးတစ်ဆူဖြစ်လာနိုင်ပြီး လူဦးရေ ၃ သန်းကျော်၏ မျက်လုံးတစ်စုံလည်း ဖြစ်လာနိုင်ကြောင်း သုံး သပ်မှုများလည်းရှိနေသည်။

၂၀၁၅ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီပေါင်း ၉၃ ခုရှိနေပြီး တစ်သီးပုဂ္ဂလများ အပါအဝင် ယှဉ်ပြိုင်ရွေးချယ်ခံကြမည့် ပါတီကိုယ်စားလှယ်ပေါင်း ၆၁၈၉ ဦး ရှိနေပေသည်။ အဆိုပါကိုယ်စားလှယ်လောင်းတို့အနေဖြင့် ဆိုရှယ်မီဒီယာများနှင့် အကျွမ်းတဝင်မည်မျှ ရှိနေကြသနည်း၊ ယခုရွေးကောက်ပွဲ၌ ဆိုရှယ်မီဒီယာကို အသုံးချနိုင်မှုက မည်မျှအထိ အကျိုးရှိလာနိုင်မည်နည်း၊ ဆိုရှယ်မီဒီယာမှ ဖြစ်ပေါ်လာနိုင်သည့် ကောင်းကျိုး၊ဆိုးကျိုး စသည်များကို ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်တွင် ဆွေးနွေးကြမည်ဖြစ်သည်။

**သူတို့အမြင်**

"ရွေးကောက်ပွဲမှာ နိုင်ရင်ပြီးရောဆိုပြီး လုပ်သွားကြတာမျိုးမရှိ နိုင်တော့ဘူး။ တယ်လီဖုန်းလိုင်းတွေက အရမ်းကိုပေါ်နေကြပြီ။ ငါလုပ်လိုက်တာဟာ ဖေ့စ်ဘုတ်ပေါ်များ ရောက်သွားမလားဆိုပြီးတော့ တွေးတတ်လာတာဟာ အဟန့်အတား တစ်ခုဖြစ်လာပြီ။ ဒီလိုမှ မဟုတ်ရင်တော့ လုပ်သွားကြမှာပဲ"

**ကိုရဲမြတ်သူ -** မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း နာယက

"ရွေးကောက်ပွဲ မစခင်မှာပဲ ဆိုရှယ်မီဒီယာက စပြီးတော့ အသုံးဝင်နေပြီ။ အသိပညာပေးရေးတွေ၊ မဲစာရင်း စစ်ဆေးဖို့တွေ ပြောပေးနေပြီ။ ရွေးကောက်ပွဲကာလမှာလဲ ကိုယ်စားလှယ်တွေက ဆိုရှယ်မီဒီယာကို စနစ်တကျ သုံးစွဲနိုင်မယ်ဆိုရင် မဲဆွယ်စည်းရုံးရေး အနေနဲ့လည်း သုံးလာနိုင်မယ်"

**ဦးနေဘုန်းလတ်** - တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း

"ဆိုရှယ်မီဒီယာကိုသုံးပြီး ပြည်သူတွေဟာ နီးစပ်ရာ မဲရုံတွေရဲ့ အခြေအနေကို မျှဝေနိုင်ရင် ရွေးကောက်ပွဲ တရားမျှတရေး အတွက် အထောက်အကူ ဖြစ်လာမှာပါ။ မီဒီယာကနေ တစ်ဆင့် ရွေးကောက်ပွဲ ပညာပေးရေး လုပ်ငန်းတွေလည်း လုပ်လာနိုင်ပါတယ်"

**ကိုမိုးသွေး -** Generation Wave

***Information links:***

www.internetjournal.media

**www.dvbdebate.net**

www.Burmese.dvb.no

https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA